မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချင်းပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၃၁/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

ချင်းပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ချင်းပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ချင်းပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်မှူးကြီးဇော်မင်းဦး	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးနန်ဇမုန်	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ) ဦးဗန်ထောင်း	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ) ဦးကျော်ငြိမ်း	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င) ဦးရမ်မန်း	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ) ဦးကျင့်လျန်းပေါင်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ) ဦးနိုန်နိုင်း	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဇ) ဒေါက်တာဘမောင်	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကယားပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၂/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၃၂/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၂/၂၀၁၁)

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

ကယားပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ကယားပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ကယားပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်မှူးကြီးတင်စိုး	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးသန်းကျော်စိုး	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ) ဦးပိုးရယ်ရန်အောင်	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ) ဦးရဲဝင်း	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င) ဦးတော့ရယ်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ) ဦးချစ်လှ	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ) ဦးစောဟူးဟူး	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ) ဦးအောင်နိုင်ဦး	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ) ဦးကိုးရယ်	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၃/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၃၃/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၃/၂၀၁၁)

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် *စာမျက်နှာ ၃ ကော်လံ ၁* ●

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၄/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ်(၃၄/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၄/၂၀၁၁)

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် *စာမျက်နှာ ၃ ကော်လံ ၄* ✳

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်)

ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များဖြစ်ရေး ကြိုးစားအားထုတ်

ယခုအခါ ကမ္ဘာတစ်လွှားတွင် ပညာကိုအလေးထားသော ပညာခေတ်သို့ရောက်ရှိလာပြီဖြစ်သည်။ ပညာခေတ်၌ ပညာသည်သာ အဓိက၊ ပညာသည်သာ ခွန်အား၊ ပညာသည်သာ စီးပွားဖြစ်သည်။ နိုင်ငံ့စွမ်းအားသည် ပညာပေါ်မှာသာ အခြေပြုလျက်ရှိရာ နိုင်ငံ့စွမ်းအားမြင့်မားရေးအတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာရန် ပြုစုပျိုးထောင်မွေးထုတ်ပေးရမည်ဖြစ်သည်။

ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးနေခြင်းသည် နိုင်ငံတော်၏ လူသားစွမ်းရည်မြင့်မားရေးအတွက် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ထောက်ကူခြင်းဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူ သားသမီးများ ပညာကို ကြိုးစားဆည်းပူးလေ့လာ သင်ယူလိုစိတ်များ ပေါ်ပေါက်ပြီး ပိုမိုကြိုးစားအားထုတ်လာရန် ပညာရည်မြှင့်တင်ပေးခြင်းဖြစ်သည်။

ကျောင်းသား ကျောင်းသူများသည် ပညာသင်ကြားမှုတွင် ပြည်တွင်းပညာရေး အခွင့်အလမ်းများကို သာမက နိုင်ငံတကာအခွင့်အလမ်းများကိုပါ သိရှိရယူနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ရရှိသည့် အောင်မြင်မှုကို အခြေခံ၍ အနာဂတ်ပညာရေးကို ဆက်လက်သင်ယူကြရာ၌ တွေ့ကြုံရမည့် ကျယ်ပြန့်သော လူမှုနယ်ပယ်၌ မူးယစ်ဆေးဝါး၊ အပျော်အပါး၊ လောင်းကစား စသည့်စိန်ခေါ်မှုများကို အသိ၊ သတိနှင့်ယှဉ်၍ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေး အကောင်အထည်ဖော်မှုတွင် မိဘများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့်စကားနှင့်အညီ မိဘသည် လက်ဦးဆရာဖြစ်ပြီး သားသမီးများကို ဝိဇ္ဇာပညာ၊ သိပ္ပံပညာရပ်နှင့် နည်းပညာများ ကျွမ်းကျင်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာသည်အထိ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယနေ့ကျောင်းသားကျောင်းသူလေးများကို ဝန်ကြီးဌာနများအလိုက်လည်းကောင်း၊ မြို့နယ်များအလိုက်လည်းကောင်း ချီးကျူးဂုဏ်ပြုခြင်းသည် ပိုမိုကြိုးပမ်းအားထုတ်လိုသည့် အားသစ်၊ အင်သစ်များ ရရှိရန်နှင့် ကြားသူ၊ မြင်သူ၊ သိသူ လူငယ်လူရွယ်များ ဂုဏ်ယူအားကျ၍ ပညာရေးကို အလေးအမြတ်ထားပြီး အားထုတ်ကြိုးစားကြရန် အားသစ်များလောင်းပေးခြင်းဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ်လေးများကလည်း ထူးချွန်ထက်မြက်သော လူရည်ချွန်၊ လူရည်မွန်လေးများအဖြစ် မိသားစုအတွက်၊ နိုင်ငံတော်အတွက် ပြန်လည်အလုပ်အကျွေးပြုနိုင်ရေး ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခြေခံ ငါးမွေးမြူရေးနှင့် စာရင်းရေးသွင်းထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်

လက်ပံတန်း ဇွန် ၃၀

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သော ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ဆက်လက်အကောင်အထည် ဖော်ရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် စာရင်းရေးသွင်း ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်း (၁/၂၀၁၁)ဖွင့်ပွဲကို ဇွန် ၂၃ ရက်က လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာတွဲဖက်အထကကျောင်း၌ ကျင်းပသည်။

(အပေါ်ပုံ)

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ဦးကျော်စိုး၊ ဦးတင်ထွဋ်၊ ဦးကျော်မိုးအောင်၊ JICA Expert Mr.Takahashi, Mr. Furusa wa၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ မကျီးကွင်း ကျေးရွာအုပ်စု၊ ငွေးထောက်ကွင်း ကျေးရွာအုပ်စုနှင့် သိုက်ဝါးချောင်း ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဗန်းမော်၌ ကျင်းပ

ဗန်းမော် ဇွန် ၃၀

ဗန်းမော်ခရိုင် သစ်တောဦးစီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ဗန်းမော်ကွန်ပျူတာတက္ကသိုလ်ဝင်း၌ ကျင်းပရာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်၊ ဗန်းမော်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗန်းမော်ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျွန်းနှင့်အခြားသစ်မျိုးစုံ ပျိုးပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၁၂၈)

ဇွန် ၆ ရက်က ဟိုပင်မြို့နယ် မြို့မတောင်ရပ်ကွက်တွင် ဟိုပင်မြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာမေသီရီချိုနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ခြင်ထောင်ဆေးစိမ်ခြင်း အသိပညာပေးသရုပ်ပြပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ရွာလုံးကျွတ် ခြင်ထောင်ဆေးစိမ်ခြင်းဆိုင်ရာ အသိပညာပေးသရုပ်ပြပွဲကို ဇွန် ၂၈ရက် နံနက် ၁၀နာရီက မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် အဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်းက ခြင်ထောင်ဆေးစိမ်ခြင်း အသိပညာပေး သရုပ်ပြပွဲအကြောင်း ရှင်းလင်းပြောကြားပြီး ခြင်ထောင်ဆေးစိမ် အသိပညာပေး သရုပ်ပြခြင်းအား ကျန်းမာရေးဝန်ထမ်းများက လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ချုပ်သင်တန်း လပွတ္တာ၌ ဖွင့်လှစ်

လပွတ္တာ ဇွန် ၃၀

လပွတ္တာမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း (၁/၂၀၁၁)သင်တန်းဖွင့်ပွဲကို လပွတ္တာမြို့သစ်လူငယ့်အားမာန်သင်တန်းကျောင်းခန်းမ၌ ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။

သင်ကြားပေး

သင်တန်းကာလမှာ ဇွန် ၂၀ ရက်မှ ဩဂုတ် ၁၉ ရက်အထိဖြစ်ပြီး သင်တန်းတွင် မိန်းမဝတ် ဘာသာရပ်စုံနှင့် ကျားရှပ် ဘာသာရပ်စုံတို့ကို သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။

(စက်ချုပ်သင်တန်းကျောင်း)

ယာဉ်ပျက်လျှင်
လမ်းဘေး ရွှေ့ရပ်ပါ

ကွင်းဆင်းစစ်ဆေး

ဇွန် ၁၀ ရက်က ကျောက်ကြီးမြို့တွင်းရှိ စားသောက်ကုန်ဆိုင်များ၊ မြို့မဈေးအတွင်းရှိ စားသောက်ကုန်ဆိုင်များတွင် သက်တမ်းကုန်၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြေယာရှင်းအလု ပြင်စလူ၌ဆောင်ရွက်

ပြင်စလူ ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ပြည်ထောင်စုလမ်းနှင့် ကမ်းနားလမ်း လမ်းဆုံတွင် အဖွဲ့ဝန်ထမ်းများ မြေယာရှင်းအလုပြင်ဆင်ဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံ ဦးစိုးဝဏ္ဏဝင်း ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

1-7 (02).pmd 1 7/1/2011, 2:19 AM

● **ရှေ့ဖုံးမှ**

အောက်ပါ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲ တာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်မှူးကြီးတင်ဝင်း	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဒေါ်စန်းစန်းနွယ်	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ) ဦးစိုးမင်း	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ) ဦးကျော်စိုး	သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
(င) ဦးသန်းမြင့်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ) ဦးအောင်ခင်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ) ဦးဉာဏ်ထွန်းဦး	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ) ဦးလှမြင့်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ) ဒေါက်တာမြင့်သိန်း	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

* **ရှေ့ဖုံးမှ**

အောက်ပါ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲ တာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်မှူးကြီးသက်ထွန်း	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးမြင့်လွင်ဦး	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ) ဦးတင်စိုး	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ) ဦးကျော်ဌေး	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င) ဦးကျော်မြင့်	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ) ဦးထွန်းဝေ	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ) ဦးဘောဘီအုန်း	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ) ဦးရဲမြင့်ထွန်း	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ) ဒေါက်တာကျော်ဦး	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၁)

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၄) ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၁)မှ အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာမှုရှိစေရန်အတွက် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူပါက ရရှိမည့် ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့် ပြုလိုက်သည်။

၃။ တိုးမြှင့်ပင်စင်လစာအား ပင်စင်စား၏ အငြိမ်းစားယူခဲ့သော နောက်ဆုံးရာထူးချိန်နှုန်းလစာနှင့်ကိုက်ညီသည့် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၈၄/၂၀၀၉ အရ သတ်မှတ်သော လစာနှုန်းထားများအပေါ်တွင် အခြေပြု၍ ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်သတ်မှတ်ပေးသွားမည် ဖြစ်သည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

နိုင်ငံရေးပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၁)

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၄) ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

အကြောင်းအရာ။ **နိုင်ငံရေးပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၁)မှ နိုင်ငံရေးပင်စင်စားများ၏ စားဝတ်နေရေး သက်သာမှုရှိစေရန်အတွက် နိုင်ငံရေးပင်စင်လစာကို တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ မတိုင်မီက နိုင်ငံရေးပင်စင်စားများ၏ ပင်စင်လစာများအား ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့် ကြော်ငြာစာအမှတ် ၁၈၄/၂၀၀၉ ဖြင့် သတ်မှတ်သော မြို့ပြလစာနှုန်းထားနှင့် ညှိနှိုင်းတွက်ချက်ရရှိမည့် နိုင်ငံရေးပင်စင်လစာသို့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ လစာမှစ၍ တိုးမြှင့်ခံစားခွင့် ပြုလိုက်သည်။ လက်ရှိရရှိနေသော နိုင်ငံရေးပင်စင်လစာသည် ကျပ် (၁၁၀၀၀၀/-) ထက်ပိုများနေပါက လက်ရှိအတိုင်းသာ ခံစားသွားရန် ဖြစ်သည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများအား တိုးမြှင့်သတ်မှတ်

၂၀၁၁ ခုနှစ် ဇူလိုင်လမှ စတင်ခံစားခွင့်ပြု၊ ပင်စင်လစာ စာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ သက်ဆိုင်ရာရုံးဌာနများသို့ ကိုယ်တိုင်အမြန်ဆုံး ဆက်သွယ်သတင်းပို့ ဆောင်ရွက်သွားကြရန် နှိုးဆော်ထား

နေပြည်တော် ဇွန် ၃၀

အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာမှုရှိစေရန်အတွက် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ (၁) ရက်နေ့မတိုင်မီ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများ၏ ပင်စင်လစာများအား လက်ရှိဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်အတိုင်း ခံစားခွင့်ရရှိစေရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဇွန် (၃၀)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁၀၆/၂၀၁၁) ဖြင့်လည်းကောင်း၊ ၂၀၀၆ ဧပြီလ (၁)ရက်နေ့မတိုင်မီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိခဲ့သူများ၏ နိုင်ငံရေးပင်စင်လစာအား ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဇွန် (၃၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၁) ဖြင့်လည်းကောင်း တိုးမြှင့်သတ်မှတ်ပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လမှစတင်၍ ခံစားခွင့်ပြုလိုက်သည်။

နိုင်ငံ့ဝန်ထမ်းပင်စင်စားများသည် တိုးမြှင့်ပင်စင်လစာ ထုတ်ယူခွင့်ရရှိရေးအတွက် တိုးမြှင့်ပင်စင်လစာတောင်းခံလွှာပုံစံများအား သက်ဆိုင်ရာ မိခင်ဌာနများနှင့် နီးစပ်ရာပင်စင်ဦးစီးဌာန ရုံးချုပ်/ရုံးခွဲများတွင် ရယူဖြည့်စွက်ပြီး ပင်စင်လစာ စာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများ ယူဆောင်၍ မိမိတို့၏ မိခင်ဌာန ရုံးချုပ်/ရုံးခွဲများသို့ ကိုယ်တိုင်အမြန်ဆုံး သွားရောက်သတင်းပို့ကြရမည် ဖြစ်သည်။

သတင်းထုတ်ပြန်နှိုးဆော်

နိုင်ငံရေးပင်စင်စားများမှာမူ တိုးမြှင့်ပင်စင်လစာ ထုတ်ယူခွင့်ရရှိရေးအတွက် တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာပုံစံများအား သက်ဆိုင်ရာမိခင်ဌာနများနှင့် နီးစပ်ရာ ပင်စင်ဦးစီးဌာန ရုံးချုပ်/ရုံးခွဲများတွင် ရယူဖြည့်စွက်ပြီး ပင်စင်လစာ စာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ အောက်ဖော်ပြပါ မိမိတို့နှင့်သက်ဆိုင်သော ရုံးဌာနများသို့ ကိုယ်တိုင် အမြန်ဆုံးသွားရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနက သတင်းထုတ်ပြန်နှိုးဆော်ထားသည်-

(က) ရပ်ကွက်ကျေးရွာ/မြို့နယ်အဆင့်	-	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ခ) ပြည်နယ်/တိုင်းဒေသကြီးအဆင့်	-	တိုင်းဒေသကြီးနှင့်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်	-	လွှတ်တော်ရုံး
(ဃ) ဗဟိုအာဏာပိုင်အဆင့်	-	သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ရုံးများ(နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းရုံးများ)

(သတင်းစဉ်)

ရေဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၃၀

ရေဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးကိုကိုကြီး ဖုန်း- ၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း- ၆၁၇၂၆၊ ဦးဘအုပ် ဖုန်း- ၇၀၃၃၄၁၊ ဦးမြ ဖုန်း- ၀၉-၅၁၇၇၆၇၄ နှင့် ဦးသိန်းထွန်း ဖုန်း- ၀၉-၅၀၄၃၇၆၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလွင်အား ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးတင်ထူးအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမအတွင်း သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် အထူးရောင်းချပွဲ ပြပွဲအကြို စီစဉ်ခင်းကျင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ *ကျော့ဖုံးမှ*

အထူးရောင်းချပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာအချိန်တွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနာယကဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးယုန်းမူ၊ ဦးမောင်ကြီးနှင့် ဦးလဖိုင်ခွန်ဆာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရတနာပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားအား မင်္ဂလာအချိန်တွင် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ညေ့ခန်းမမှနေ၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကျင်းပခဲ့မှု၊ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့မှု၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ခဲ့မှုနှင့် ယခု ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲကျင်းပနိုင်ရန် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ မြေညီထပ်၌ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာ ဆိုင်ခန်းများကိုလည်းကောင်း၊ သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အထူးရောင်းချပွဲ ပြပွဲအကြို စီစဉ်ခင်းကျင်းထားမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ ၂၂၁၇ တွဲ၊ ကျောက်မျက်အတွဲ ၂၈၄ တွဲ၊ ပုလဲအတွဲ ၃၅၅ တွဲကို ပြသရောင်းချသွားမည်ဖြစ်သည်။ ပုလဲအတွဲများကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို ဇူလိုင် ၄ ရက်တွင်လည်းကောင်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်၌ ရောင်းချသွားမည်ဖြစ်သည်။ ကျောက်စိမ်းတွဲများကို ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးရောင်းချပွဲသို့ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပြည်ပကုမ္ပဏီ ၁၆၀၉ ခုမှ နိုင်ငံခြားသားရတနာကုန်သည် ၄၃၁၀ နှင့် ပြည်တွင်းရှိ ကုမ္ပဏီ ၉၅၀ တို့မှ ရတနာကုန်သည် ၄၀၆၅ ဦးကျော် တက်ရောက်ကြမည်ဟုသိရပြီး ယခု ကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲသည် နေပြည်တော်၌ တတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒိုင်လူကြီးသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၃၀

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကြက်တောင်အားကစားပြိုင်ပွဲ၌ ဒိုင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာနှင့် ဒိုင်လူကြီးသင်တန်း (၁/၂၀၁၁)ကို ဇူလိုင် ၉ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီအထိ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ အားကစား ဝါသနာရှင်များ တက်ရောက်လိုပါက ဖုန်း- ၂၂၃၄၉၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ကြက်တောင်အဖွဲ့ချုပ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၃၀

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာအမျိုးသမီးအလှ ဂုဏ်ယူရ

* မြန်မာအမျိုးသမီးများ
ဂုဏ်ယူထားသည့်
ရှည်လျားကေသာ၊ ဆံမြည္ဍာကို
မြန်မာဟန်လို၊တစ်ပတ်လျှို၍
ပန်းကိုနန်းဆန်၊ တစ်ပွင့်ပန်ကာ
မဟာအလှ၊ ပန်ရ…။

* မျက်နှာထက်တွင်၊ အလှပြင်ရာ
မြန်မာသနပ်ခါး၊ နံ့သာများကို
သွေးကာလိမ်းခြယ်၊ ပါးထက်ဝယ်တွင်
ရွှေနယ်ဝင်းပ၊ ချောမွေ့လှ၍
အေးမြကြည်သာ၊ ဆင်းရူပါသည်
ရိုးရာအလှ၊ သဘာဝ…။

* ဝတ်စားဆင်ကြ၊ ယဉ်ကျေးလှသည်
မြန်မာ့ပိုးချည်၊ ရက်ကန်းထည်နှင့်
လက်ရှည်အင်္ကျီ၊ ပန်းကြယ်စီကာ
ချည်ထည်နှင့်ပိုး၊ မြတ်တနိုးဖြင့်
ကြိုးချိတ်လုံချည်၊ ပိုးထဘီမှာ
သာကီအလှ၊ မြန်မာပီသ…။

* သိက္ခာရှိစေ၊ ကျက်သရေနှင့်
ဣန္ဒြေရရ၊ မြန်မာအလှ၏
ကမ္ဘာ့အလယ်၊ ဂုဏ်ယူဖွယ်ကို
ရင်ဝယ်ပိုက်ငင်၊ စွဲမှတ်တင်၍
အစဉ်ရိုးရာ၊ ထိန်းသိမ်းလာကြ
မြန်မာအမျိုးသမီးအလှဂုဏ်ယူရ…။ ။

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်-

နန်းမွန်ဟိန်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား နိုင်ငံခြားဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော International Union Against Tuberculosis and Lung Disease (IUATLD) အဖွဲ့ ပြင်သစ်နိုင်ငံ Saini Antoine ဆေးရုံမှ Dr. Odile PICARD နှင့် Dr. Philippe Clevenbergh တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ ခုခံကျကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ အထူးကုဆရာဝန်များအား ပြင်သစ်နိုင်ငံ၌ လေ့ကျင့်သင်တန်းပေးရေး ကိစ္စရပ်များကို ဆွေးနွေးကြပြီး တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ လာရောက်သည့် နိုင်ငံခြားသားများ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၃၀

ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲသို့ လာရောက်သည့် မကာအိုနှင့် ဟောင်ကောင်တို့မှ နိုင်ငံခြားသား ဧည့်သည် ၉၇၉ ဦးသည် ယနေ့ နံနက် ၉နာရီ ၁၅ မိနစ်တွင် စင်းလုံးငှား လေယာဉ်ငါးစင်းဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ခရီးသွားလာရေး မြှင့်တင်မှုအစီအစဉ်အရ နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကျင်းပမည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြပြီး လက်ကမ်းစာစောင်များနှင့် အမှတ်တရ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွင်းဆင်းကြီးကြပ်

ဟသ်ာတမြို့နယ် မြို့ဝင်ဆိုင်းဘုတ် စတီးလ်လက်ရန်း ကာရံခြင်းလုပ်ငန်းကို ဇွန် ၁၄ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စန္ဒာအေးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းအတိုအထွာ
၃၀-၆-၂၀၁၁

ကဝမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်ရှိ ကဝမြို့နယ် အမက ၄က်ကြီး ရေကျော် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြော

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးရစ်ငါးသန် တားဆီးကာကွယ်ရေးအတွက် ဇွန် ၂၁ ရက် နံနက် ၈ နာရီခွဲက ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါ်ဥမ္မာထွန်းနှင့် ဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်သိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းတို့ပါဝင်သော အဖွဲ့သည် ပဲခူးမြို့ ဇဟိုစံပြ ငါးဈေးအတွင်း လှည့်လည်စစ်ဆေးကာ ငါးရစ်ငါးသန် တားဆီးကာကွယ်ရေး ပညာပေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့သည်။

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ငါးနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာခန်းမ၌ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးက ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးခြင်း၊ အဆိပ်ဆေးချ ငါးဖမ်းဆီးခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းပိုက်ဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရေး အသိပညာပေးဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးရေး နတ်တလင်း၌ ဟောပြော

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဦးဆောင်၍ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာအသုံးချရေး ဟောပြောပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက တံခွန်တိုင်အုပ်စု ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦးနှင့်အဖွဲ့က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကုတ်၌ ကျန်းမာရေးပညာပေးဟောပြော

တောင်ကုတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်း ဦးဆောင်သော မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့်ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများသည် မေ ၂၅ ရက်မှ ၂၉ ရက်အထိ ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် သိမ်တောင်ရပ်ကွက်၊ တရဂူ၊ တဲမောက်နှင့်သင်ချိုကုန်းကျေးရွာများသို့သွားရောက်၍ ကျေးလက်နေပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောပြီး လူနာ ၄၁၀ အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်းစနစ်ဖြင့်ပျိုးထောင်မှု ပွင့်ဖြူ၌သရုပ်ပြ

ပွင့်ဖြူမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပွင့်ဖြူမျိုးသန့်ခြံတွင် စပါးတစ်ဧကတင်း ၁၀၀ နှုန်းအထက်ထွက်ရန် လိုက်နာလုပ်ဆောင်ရမည့်သီပွံနည်းကျ စိုက်နည်းစနစ် (၁၄) ချက်အနက် အဓိက အရေးကြီးသည့် မျိုးကောင်းမျိုးသန့် အသုံးပြု၍ ပေါင်းစနစ်ဖြင့် ၁၀ ဧကစာ ပျိုးထောင်ခြင်းလက်တွေ့သရုပ်ပြပွဲကို ဇွန် ၂၁ရက် နံနက် ၈နာရီက အဆိုပါမျိုးသန့်ခြံ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး မန်နေဂျာဦးတင့်လွင်က သီပွံနည်းကျ စိုက်ပျိုးနည်း (၁၄) ချက်နှင့်အညီ ပျိုးပေါင်ဖြင့် ပျိုးထောင်ခြင်း၏ အားသာချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး ပွင့်ဖြူမျိုးသန့်ခြံ ဝန်ထမ်းများက ပေါင်စနစ်ဖြင့်ပျိုးထောင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို လက်တွေ့လုပ်ဆောင်ပြသကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ထန်းတပင်၌ဟောပြော

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ရက်က ထန်းတပင်အထကကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်စိန်လင်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးစန်းရောင်တို့က တရားမဝင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး
၃၀-၆-၂၀၁၁

သစ်ပင်စိုက်ပျိုးပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနကဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၇ ရက် နံနက် ၇ နာရီက တညင်းကုန်းရပ်ကွက် ရွှေပြည်သာ စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သစ်ပင်ပေါင်း ၁၆၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီးဒေါ်ဝေဝေခိုင်တို့သည် ဇွန် ၂၇ရက် နံနက်ပိုင်းတွင် မုံရွာမြို့နယ် ဗန်စီကျေးရွာ ပတ္တမြားတောင်၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးပေးပြီး **(အပေါ်ပုံ)** လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ပတ္တမြားတောင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်လေးပင်၌ စုပေါင်း သစ်ပင်စိုက်ပျိုး

ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနက ညောင်လေးပင်မြို့ ဒက္ခိဏာရာမအာသောကာရုံတောင်ကျောင်းတိုက် မြေနေရာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်က ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဘုန်းကျော်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သစ်ပင်ပေါင်း ၅၈၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)



ပျော်ဘွယ်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပျော်ဘွယ်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက ညောင်နွယ်မြောက်ရွာ အောင်သိဒ္ဓိဘုရားကုန်းတော် အနီးရှိ မြေကွက်လပ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်းပင် ၅၀၊ ယူကလစ်ပင် ၄၅၀၊ မန်ကျည်းပင် ၅၀၊ တမာပင် ၅၀၊ မဲဇလီပင် ၁၀၀နှင့် ကုက္ကိုပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၃၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ (Myanmar Tourism Board) ၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ (Nay Pyi Taw Travel Mart & Food Show) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် နေပြည်တော်သပြေကုန်းဈေး ယာဉ်ရပ်နားကွင်းရှိ ပြပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် နေပြည်တော်ဟိုတယ်ဇုန်အတွင်းရေးမှူး ဦးအုန်းကျော်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် ပြပွဲ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် စီစဉ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ပြပွဲကို ယနေ့မှ ဇူလိုင် ၁၃ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်သည်။

ပြသရောင်းချ

ပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့၊ ယင်းအဖွဲ့အောက်ရှိ အသင်း ၁၁ သင်းနှင့် ဟိုတယ်ဇုန် ၁၁ ဇုန်တို့က ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းစသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ခရီးစဉ်ဒေသအလှအပများ၊ တည်းခိုနိုင်မည့် ဟိုတယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လှပသေသပ်သော ဗီနိုင်းဓာတ်ပုံ၊ ပန်းချီ၊ ဗီဒီယိုများ၊ နမူနာပုံစံငယ်များဖြင့် ခင်းကျင်းပြသထားမည်ဖြစ်သည်။ အလားတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ စားသောက်ဆိုင် ၂၄ ဆိုင်တို့ကလည်း မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများအပါအဝင် သန့်ရှင်းလတ်ဆတ်သော အစားအစာများကို ပြသရောင်းချပေးမည်ဖြစ်သည်။

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ လာရောက်ကြမည့် ပြည်ပမှ ရတနာကုန်သည်များအနေဖြင့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲကိုလည်း လာရောက်လေ့လာရင်း ပြသရောင်းချပေးမည့် စားသောက်ဖွယ်ရာများကို စိတ်တိုင်းကျ ဝယ်ယူစားသုံးနိုင်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ နိုင်ငံတော်သီချင်း
၇:၁၀ ၄။ တရားတော်
၇:၁၅ ၅။ ခမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
၄:၃၀ ၇။ ဇာတ်လမ်းတို
၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၁၀။ အိုင်စီတီသုတ
၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၇)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ **ရှာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၆။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၂၄) **ဇာတ်သိမ်း**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ စိုက်ပျိုးသုတ
၂၄။ သံစဉ်များနှင့်ကမ္ဘာ
၂၅။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၁၅)
၂၈။ **2011 FIFA Women's World Cup (Germany) New Zealand Vs England (Live)**

ကြိုဆိုနှုတ်ဆက်

ဇွန် ၃၀ရက်က ရန်ကုန်မြို့ရှိ ဗြိတိန်နိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသော Birthday of Her Majesty Queen Elizabeth II ၏ မွေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်အား အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ စာရင်းစစ်ဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Mr. Hendar Ristriawan ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** အရှေ့တောင် အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ဖွဲ့စည်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ် (တာဝန်)ဒေါ်ခင်စန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ စာရင်းစစ်ဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Mr. Hendar Ristriawan ဦးဆောင်သောအဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Totok Prianamto လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ နယူတန်ဂုဏရတနာ၏နေရာတွင် မစ္စတာ ဟန်ဒွန်းနသီ ရန်နူးလူး ပီယဆရီအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ ဟန်ဒွန်းနသီ ရန်နူးလူး ပီယဆရီ သည် ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၎င်းသည် ၁၉၇၂ မှ ၁၉၇၅ ခုနှစ်အထိ ဒစ်ဝေလနယ်မြေ လူမှုရေးအဖွဲ့အစည်း ဒါရိုက်တာအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ၁၉၇၇ မှ ၁၉၈၃ ခုနှစ်အထိ အမျိုးသားထီလုပ်ငန်း၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် အလုပ်သမားနှင့် ပြည်နယ်အစိုးရစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၈၉ မှ ၁၉၉၄ ခုနှစ်အထိ လွှတ်တော်အမတ်နှင့် အလုပ်သမားရေးရာနှင့် အမျိုးသားသက်မွေးပညာလေ့ကျင့်ရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၀ မှ ၁၉၉၃ ခုနှစ်အထိ သမ္မတလက်အောက်ရှိ မဟာဗျူဟာ ဆုံးဖြတ်ချက်ချမှတ်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ရေနံကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။လက်ရှိအချိန်တွင် သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

မစ္စတာ ဟန်ဒွန်းနသီ ရန်နူးလူး ပီယဆရီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၂၂)

ဝင်ငွေကြေညာလွှာတင်သွင်းမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ပဲခူး ဇွန် ၃၀

ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှ ဝင်ငွေကြေညာလွှာ တင်သွင်းမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖြန့်ဝေပေးခဲ့

ဆက်လက်၍ ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးမင်းဇော်က **(အပေါ်ပုံ)** ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဝင်ငွေကြေညာလွှာ တင်သွင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက် လက်ကမ်းစာစောင်များနှင့် အခွန်ပညာပေးစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အခွန်ဦးစီးဌာန)**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး တတိယနေ့ကျင်းပ

အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊ မသင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ကချင်ပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၅၁ ဦး ရှိသည့်အနက် ၄၅ ဦး တက်ရောက်ရာ ၈၈ ဒသမ ၂၃ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အဆိုတင်သွင်း

အစီအစဉ်အရ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအင်ဖရောင်းဂမ်က "ကချင်ပြည်နယ်သူ ပြည်နယ်သားများ၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီရရှိမှုတို့ကို ဟန့်တားနှောင့်ယှက်သော လုပ်ရပ်များအား ရပ်ဆိုင်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ပြီး နိုင်ငံနှင့်တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်ရေး" အဆိုကို တင်သွင်းသည်။

ကျင်းပ

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

တင်ပြ

ယင်းအဆိုကို ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဒိန်ခန်ဒါဝိ ကထောက်ခံတင်ပြသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်၊ မသင့် ပြည်နယ်လွှတ်တော်၏ ဆန္ဒကိုရယူရာ ပြည်နယ်လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက် (သောကြာနေ့)တွင် ကျင်းပမည့် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) စတုတ္ထနေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်းတွင် ပြည်နယ်လွှတ်တော် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားသည်။

(သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ကယားပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ကို ကယားပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးစလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်တက်ရောက်သဖြင့် ပထမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင် ဖွဲ့စည်းသတ်မှတ်သည့် ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

အတည်ပြု

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသတ်မှတ်မည့် ဝန်ကြီးဌာနများ၌ တာဝန်ပေးခန့်အပ်သွားမည့် ဝန်ကြီးများစာရင်းကို လွှတ်တော်သို့တင်ပြရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ အစီအစဉ်ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ပထမနေ့ကျင်းပ

ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုချက်ကို အတည်ပြုကြောင်းကြေညာ

အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အထမြောက်

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၃)ဦး ရှိသည့်အနက် (၁၃၄)ဦး တက်ရောက်သည့်အတွက် (၉၃ ဒသမ ၇) ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ကြေညာ

အစီအစဉ်အရ ရှမ်းပြည်နယ် ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက် ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။

အဆိုတင်သွင်း

ထို့နောက် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်က "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ရောက်ရှိရန် တည်ငြိမ်အေးချမ်းသာယာရေးသည် အရေးပါသည့်အတွက် လက်ရှိနိုင်ငံတော်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသော ကိစ္စရပ်များရပ်တန့်ပြီးအမြင်မတူညီမှုများကို လူထုနည်းဖြင့်လွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန်" အဆိုကို တင်သွင်းသည်။

ထောက်ခံ

ယင်းအဆိုကို မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်နှင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာထွန်းအောင်တို့က ထောက်ခံတင်ပြကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်နယ်လွှတ်တော်၏ ဆန္ဒကိုရယူရာ ပြည်နယ်လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးတွင် အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၄၀တွင် ရပ်နားသည်။

(သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဝါးခယ်မ၌ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်

ဝါးခယ်မ ဇွန် ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် လေ့ကျင်းရပ်ကွက်တွင် ဇွန် ၁၅ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)တတိယနေ့ကျင်းပ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊ မသင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြေညာ

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၀၁ ဦး ရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစန်းမောင်က "ကချင်ပြည်နယ်အခြေစိုက် KIA အဖွဲ့၏ ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများကို တားမြစ်ခြင်း၊ လုပ်ငန်းများ မအောင်မြင်အောင် နှောင့်ယှက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အရပ်သားများအား KIA မှ ဖမ်းဆီး ခေါ်ဆောင်ခြင်းများကို ကန့်ကွက်ကြောင်း" အဆိုကိုတင်သွင်းသည်။

ထောက်ခံတင်ပြ

ယင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုထန်ကပ်က ထောက်ခံတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ တိုင်းဒေသကြီး လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေး ရပ်နားသည့်အခါတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင်ရပ်နားသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အထမြောက်

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦး ရှိသည့်အနက် အားလုံးတက်ရောက်ရာ ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အတည်ပြု

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်သတ်မှတ်ရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်သတ်မှတ်ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

တင်ပြ

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်သတ်မှတ် ဖွဲ့စည်းထားရှိသည့် မကွေးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၌ တာဝန်ပေးအပ်နိုင်ရန် ဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၇၆ ဦးရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်

ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူး...
အထူးအစည်းအဝေး(...

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော... တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေ... တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒု... ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး ရှိသည့်အနက် ၇၄ ဦးတက်ရောက်သည့်အတွက် ၉၈ ဒသမ ၆၆ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းထားရှိသည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၌ ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်သို့တင်ပြသည်။

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး...
အထူးအစည်းအဝေး (၁/၂၀၁၁)ပထမ...

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁) ... ဒေသကြီး လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တနင်္သာ... ဦးခင်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှ... တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၂၈ ဦးရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

တင်ပြ

အစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြပြီး အတည်ပြုချက် ရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖွဲ့စည်းထားရှိသည့် ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်း...

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်



ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

ရန်ကုန် ဇွန် ၃၀

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ (ဝဲပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကြေညာ

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦး ရှိသည့်အနက် ၁၂၂ဦး တက်ရောက်သည့်အတွက် ၉၉ ဒသမ ၁၈ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

တင်ပြ

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးဝန်ကြီးချုပ် အဆိုပြုတင်ပြသော တိုင်းဒေသကြီး ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်သည့် စာရင်းကို လွှတ်တော်သို့တင်ပြသည်။

ပြင်ဆင်သတ်မှတ်ထား

ပြင်ဆင် သတ်မှတ်ထားသည့် ဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးတင်ဝင်း၊ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် အငြိမ်းစားသံအမတ်ကြီး ဦးလှမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်စန်းစန်းနွယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးမင်း၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်စိုး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်ခင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဉာဏ်ထွန်းဦး၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာမြင့်သိန်းတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး ရှိသည့်အနက် ၇၄ ဦးတက်ရောက်သည့်အတွက် ၉၈ ဒသမ ၆၆ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၌ ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်သို့တင်ပြသည်။

ခန့်အပ်မည့် တိုင်းဒေသကြီး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသက်ထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမြင့်လွင်ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးတင်စိုး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်ဌေး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်မြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးထွန်းဝေ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဘေဘီအုန်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရဲမြင့်ထွန်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာကျော်ဦးတို့ဖြစ်သည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးဌာနများ၌ ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူကာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သရေစည်သူဦးဆန်းဆင့်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၁ ဦး ရှိသည့်အနက် အားလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အတည်ပြု

အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့အစီအစဉ်ကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်မင်ခမ်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၄ ဦးရှိသည့်အနက် အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အတည်ပြု

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ဖွဲ့စည်းထားသည့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ခန့်အပ်မည့် ပြည်နယ်ဝန်ကြီးဌာနနှင့် ဝန်ကြီးများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်မင်းဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးနန်ဇမုန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြည်နယ်မန်နေဂျာ ဝ၁/ပိုး(ငြိမ်း) ဦးဗန်ထောင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဦးကျော်ငြိမ်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဦးရမ်မန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တွန်းဇန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဦးကျင့်လျန်းပေါင်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးနိန်နိုင်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန (ငြိမ်း) ဒေါက်တာဘမောင်တို့ ဖြစ်ကြသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

...ရီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကို တနင်္သာရီတိုင်း... ...စည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ...လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ

...ဒေသကြီး ...စည်းအဝေး ...လွှတ်တော် ...ရှိသည့် ...က်သည့် ...က်သဖြင့် ...ကြောင်း ...ညာသည်။

...ဒေသကြီး ...စည်းရန် ...ချက်နှင့် ...တ်တော် ...ပြုချက် ...စားလှယ် ...အတွက် ...ညာသည်။ ...ဝန်ကြီး ...နယ်စပ် ...ရေးနှင့်

အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၁နာရီတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၃၀

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်းက အစည်းအဝေး တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦး ရှိသည့်အနက် အားလုံးတက်ရောက်၍ ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ရခိုင်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းရန်နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖွဲ့စည်းမည့် ဝန်ကြီးဌာနများ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြသည်။

ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ်ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်ကျင်းပမည်

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားလိုက်ကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေးကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသားအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများယှဉ်ပြိုင်ကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား ၆၇ ကီလိုနှင့်အောက် ကုမိတဲ့ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုနှင့်အောက် ကုမိတဲ့ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအထက် ကုမိတဲ့ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး ၅၅ ကီလိုနှင့်အောက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ

အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်က အမျိုးသမီးအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမျိုးသားအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံ နာယက ဒေါ်ခင်မေစိုးက အမျိုးသမီးအကောင်းဆုံးဆုရ မရတနာလင်း (ရန်ကုန်တိုင်းဒေသကြီး)အားလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက အမျိုးသားအကောင်းဆုံး အားကစားဆုရ မောင်အေးချမ်းနိုင် (ကယားပြည်နယ်)တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရ (ရန်ကုန်တိုင်းဒေသကြီး) အသင်းအား တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ အမျိုးသား၊ အမျိုးသမီး (ရှုံး/ထွက်) လွန်ဆွဲပြိုင်ပွဲများကို ဇွန် ၂၆ ရက်က ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသမီးအသင်းလိုက် ပထမဆုရ ရထားပို့ဆောင်ရေးအသင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အဋ္ဌာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၁)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၉)
- ၈:၄၅ ပတ္တမြားမြေက သာသနာ့အလင်း… တောင်စဉ်တောအနှံ့ ပြန့်လေပြီ…
- ၉:၁၅ ရွှေစိတ်ဝင်စားသူတိုင်းအတွက် ရွှေပညာအခမဲ့သင်တန်း
- ၉:၂၅ ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့မှ သီတဂူ စက္ခုဒါနအောင်ပွဲ
- ၉:၃၀ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မင်းသားကြီး ဇော်ခင်) (အပိုင်း -၄)
- ၁၀:၀၀ အသည်းကင်ဆာကုထုံးသစ် အကြောင်း ဆွေးနွေးခြင်း (အပိုင်း-၂)
- ၁၀:၀၅ ရန်ကုန်မြင်ကွင်းကျယ် (ဒုတိယအကြိမ် ပြည်သူ့ကျန်းမာရေး မြတ်ဆရာပူဇော်ပွဲ)
- ၁၀:၃၀ Japan Video Topics (Leave it all to the Movers)
- ၁၀:၃၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀:၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ ခံစားမှု) (အပိုင်း-၁)
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် (ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ)
- ၁၁:၂၅ ကျေးဇူးကြီးမား ကရင်ပြည်နယ် ဘားအံမြို့မှ မဲတောင်ဆရာတော်ဘုရား
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရခိုင်ပြည်နယ် သံတွဲမြို့ ရွှေနံ့တော်စေတီရင်ပြင်တော်တွင် တည်ထားပူဇော်မည့် မဟာအတုလ သကျမုနိရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး
- ၁၂:၂၅ အများအကျိုးမျှော်ရည်… ဓမ္မရောင်ခြည်
- ၁၂:၄၀ သာသနာ့အမွေခံရုပ်ဝန်း
- ၁:၀၀ **လူသုံးမျိုး** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၁)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၁၀၉)
- ၄:၅၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ဒေါ်လန်း**
- ၅:၂၀ Callaway ၏ Demo Day
- ၅:၃၀ MNL Preview
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (MHR ကမ္ဘာ့အမှတ်အများဆုံး ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ)
- ၆:၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၂)
- ၇:၂၅ The Champion of Dance
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၁၀)
- ၁၀:၂၀ ဂီတသရုပ်ပြခန်း (မီးနို)
- ၁၀:၄၀ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာ ဆွေးနွေးခန်း
- ၁၁:၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် နေဆန်းနှင့် တွေ့ဆုံခြင်း)
- ၁၁:၃၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၅၅ World of Knowledge (The Megafalls of Iguacu)
- ၁၂:၄၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁:၀၅ Box Office Movies (The Curious Case of Benjamin Button)
- ၁:၃၅ ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၂)
- ၁:၅၅ စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၂:၂၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
- ၂:၅၀ အထင်
- ၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၁၀ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
- ၄:၃၀ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
- ၄:၅၀ ရှေးမူလက်ရာလှေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘိုတောင်တော်မှာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ လားရှိုး၌ ကျင်းပ

နေပြည်တော် ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက အဖွင့်အမှာစကားပြောကြားပြီးနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်က ဖတ်ကြားသည်။ ယင်းနောက်ပြည်နယ် ဝန်ကြီးနှင့် အဖွဲ့သည် လားရှိုးမြို့ ပြည်ထောင်စု အားကစားကွင်းအတွင်း၌ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဧည့်သည်တော်များက ကြည့်ရှုစစ်ဆေးကြပြီး မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးကြရာ နံနက် ၁၁ နာရီတွင် လားရှိုး-နမ္မတူကားလမ်း လျှိုအတွင်း ကျောက်တောင်များကြား၌ ဖမ်းဆီးရမိဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဖမ်းဆီးရမိမူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲအခမ်းအနား၌ ဘိန်းဖြူ (၃၅ ဒသမ ၈၆)ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား(၁၆၅ ဒသမ ၄၄)ကီလို၊ ဘိန်းစိမ်း(၈၀၁ ဒသမ ၃၉)ကီလို၊ ဘိန်းဆီခဲ (၂၀ ဒသမ ၈၂) ကီလို၊ အက်ဖီဒရင်းမှုန့် (၁၂၄ ဒသမ ၄၅) ကီလို၊ ဆူဒိုအက်ဖီဒရင်းမှုန့် (၄၈၂ ဒသမ ၈၂) ကီလို၊ ကဖင်း (၂၃၇ ဒသမ ၉၄)ကီလို၊ ဆေးခြောက်(၉ ဒသမ ၅၂)ကီလို၊ ဓာတုဆေးရည် (၇၉၃) လီတာ၊ ဓာတုဆေးမှုန့် (၃ ဒသမ ၂၅) ကီလိုနှင့် ဆက်စပ်ပစ္စည်း ၁၈ မျိုး အပါအဝင် စုစုပေါင်းအမျိုး ၄၀ ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ကာလတန်ဖိုး ခန့်မှန်း မြန်မာငွေကျပ် ၇၉၈၃ သန်းဖိုး ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ချောင်းဦး၌ဆောင်ရွက်

ချောင်းဦး ဇွန် ၃၀

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် မြို့မဈေးအရှေ့ မျက်နှာစာရှိ ရေနုတ်မြောင်း တူးဖော် ဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်က ဒုတိယဦးစီးမှူး ဒေါ်ဆန်းယဉ်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မိုင်းရှူးမြို့နယ် စဝ်စံထွန်းလမ်းဘေး ဝဲ/ယာတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ပေါင်းပင်များ ရှင်းလင်းခြင်းကို ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမြင့်ကျော်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့နယ် ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေဂူနီဖြတ်လမ်း ပြောင်းဖူးစေ့ကျောက်စီခင်းခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးနေမှုကို ဇွန် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် အမှတ် (၂)ရပ်ကွက် သောက်သုံးရေရရှိရေး အတွက် ရေစက်ရုံနှင့် ရေစစ်ကန် တည်ဆောက်ပြီးစီးပြီးနောက် အသုံးပြုနိုင်မှုကို ဇွန် ၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်အေးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်သားမြို့ ရွာသာ-သပြေတောင်းကျေးရွာလမ်းပေါ်ရှိ ပေါက်ချောင်းသစ်သားတံတားပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ Fritz Werner Industrie- Ausrustungen Co., Ltd. Managing Director Mr. Joerg Gabelmann ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝလုံခြုံမှုမြင့်တင်ရေး ရေကြည်၌ဆောင်ရွက်

ရေကြည် ဇွန် ၃၀

ပုသိမ်ခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်း ဦးဆောင်၍ မြို့နယ်တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးအဖွဲ့ဝင်များသည် ဇွန် ၂၄ ရက် နံနက် ၈ နာရီက ရေကြည်မြို့ မြို့မစည်ပင်သာယာဈေးတွင် ပြည်သူများစားသုံးမည့်အသားများ၌ ကူးစက်ရောဂါပိုးများ ပါဝင်မှုမရှိစေရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဝက်နားရွက်ပြာရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် ရောင်းချခြင်း ရှိမရှိနှင့် စားသုံးသူများ ဝယ်ယူအားပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

စစ်ဆေးဆောင်ရွက်

ထို့နောက် ဒေါက်တာစိုးသိမ်း ဦးဆောင်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာမိုးသူဇာနှင့် အဖွဲ့သည် ငသိုင်းချောင်းမြို့ရှိ နွားမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြင့်တင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကု)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၃၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ် စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဘိုးရာဇာစာကြည့်တိုက် ကျောင်းကုန်းမြို့နယ်၌ဖွင့်

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ရေခလုတ်ကျေးရွာအုပ်စု မိုးပြာအနောက်ကျေးရွာ၌ ဘိုးရာဇာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇေလတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်ဝေတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မိုးပြာအနောက်ကျေးရွာ ပြည်သူများက စာကြည့်တိုက်ငွေပဒေသာပင်အတွက် မတည်ငွေကျပ်တစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက သုတ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စောင်ရေ ၅၂၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေးမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရေး ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို မွန်ပြည်နယ် ရေးမြို့နယ် အမက(၄)တွင် ဇွန် ၂၃ ရက်နံနက် ၇ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲထွန်းနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကျွန်း၊ မဟော်ဂနီ၊ ဆီသပြေ၊ ကံ့ကော်၊ မယ်ဇယ်၊ စိန်ပန်းကြီး၊ ယူကလစ်စုစုပေါင်းပျိုးပင် ၃၀၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၃၀

Brother အမှတ်တံဆိပ် Printer များ၊ Electronic Type Writer များ၊ Labeling System နှင့် Sewing Machine ပစ္စည်းများနှင့် ၂၀၁၁ ခုနှစ်အတွက် အသစ်ထပ်မံထုတ်လုပ်သည့် Printer များ၊ Labeling System / Sewing Machine (Home/Industry), Embroidery Machine များ မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကို ဇွန် ၂၄ ရက် ညနေက ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ အခမ်းအနားတွင် Alliance Stars Co.,Ltd. မှ Brother အမှတ်တံဆိပ် Electronic ပစ္စည်းများအတွက် Current Dealer များနှင့် အသစ်ခန့်အပ်သော Dealer များသို့ Dealer Certificate ပေးအပ်ပြီး ရောင်းအား အကောင်းဆုံး Dealer များသို့ ဆုများပေးအပ်ချီးမြှင့်သည်။

Brother အမှတ်တံဆိပ် Electornic ပစ္စည်းများကို Alliance Stars Co.,Ltd. မှ ၂၀၁၀ခုနှစ် မေလမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ တရားဝင်တစ်ဦးတည်း တင်သွင်းဖြန့်ချိပေးလျက်ရှိပြီး Sales & Service Center များကို အမှတ်(၃၇၉/၃၈၃) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၀၃၈၊ ၀၁-၃၈၀၁၃၇နှင့် နေပြည်တော်ရုံးခွဲ တိုက်(၆၃) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၁၀၈၁၊ ၀၆၇-၄၂၁၀၈၂ တို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တာချီလိတ်တွင် အခွန်ဆိုင်ရာပညာပေးရှင်းလင်း

တာချီလိတ် ဇွန် ၃၀

တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ အခွန်ထမ်းပြည်သူများအား ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်နှင့် ဝင်ငွေကြေညာတင်သွင်းခြင်းဆိုင်ရာ ရှင်းလင်းပွဲကို ဇွန် ၂၅ ရက် နံနက် ၁၀နာရီက အောင်မြတ်ခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲထူးက အမှာစကားပြောကြားပြီး ခရိုင်အခွန်ဦးစီးဌာနမှူး ဦးသန်းဝင်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စွာထွန်းမြင့် **(အောက်ပုံ)** တို့က အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော အခွန်ထမ်းပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

မော်လမြိုင် ဇွန် ၃၀

မော်လမြိုင်မြို့ ကျောက်တန်းစံပြကျေးရွာတွင် ဇွန် ၁၆ ရက်က ငါးရစ်ငါးသန်မဖမ်းဆီးရကာလအတွင်း ငါးမဖမ်းဆီးရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး၊ ဒီရေတောများ ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်များ ဂရုပြုကာကွယ်ဆောင်ရွက်ရေး၊ ငါးရစ်ငါးသန်ကာလများအတွင်း ငါးဖမ်းဆီးခြင်းကို အထူးအလေးထား ရှောင်ကြဉ်ကြရေးနှင့် စပ်လျဉ်း၍ ဟောပြောပွဲကျင်းပရာ အဆိုပါ ဟောပြောပွဲသို့ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနှင့် ရေလုပ်သား ၅၀ခန့် တက်ရောက်ခဲ့ကြပြီး မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ် ဦးစီးဌာနမှူးဒေါက်တာညွှန့်ဝေက ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်ငါးလုပ်ငန်းဦးစီး)**

လှူဒါန်း

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်အတွင်းရှိ ကျောင်းသားကျောင်းသူ ၄၇ ဦးအား ပညာသင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၁၉ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အလှူရှင်များက ကျောင်းသားတစ်ဦးအား ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။ (၀၄၄)

မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ဝက်လက်၌ ဆောင်ရွက်

ဝက်လက် ဇွန် ၃၀

ဝက်လက်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်း၊ မြို့မကျောင်းလမ်း၊ မင်းကျောင်းလမ်းနှင့် မြို့မဈေးရေမြောင်းများကို စုပေါင်းပြန်လည် တူးဖော်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြို့သန့်ရှင်းသာယာရေး မင်းတုန်း၌ဆောင်ရွက်

မင်းတုန်း ဇွန် ၃၀

မင်းတုန်းမြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသာညွှန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းတို့ ဦးဆောင်၍ ဇွန် ၁၁ ရက်က အမှတ်(၂)ရပ်ကွက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဂုဏ်ယူဝမ်းမြောက်ကြောင်း

အမှတ် ၁၄၀၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် 'စိန်' ကွန်ဒိုမီနီယမ်တိုက်ကို ဆောက်လုပ်ပေးခဲ့သော GREAT FATHERLAND Construction & Decoration Co.,Ltd. မှ ဥက္ကဋ္ဌ ဦးကျော်မြင့်သည် ဂျာမနီနိုင်ငံ FRANKFURT တွင် ချီးမြှင့်သော INTERNATIONAL ARCH OF EUROPE AWARD 2011 ဆုကို ထိုက်ထိုက်တန်တန်ဆုရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရှေ့ဆက်ပြီး မိမိဝါသနာပါသည့် လုပ်ငန်းဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အောင်မြင်မှုအထွတ်အထိပ်ကို ထာဝရ ရယူပိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်အစ်ကို - ဦးထွန်းကြည်
ချစ်အစ်မ - ကြူကြူသွင်
ချစ်တူလေး - မောင်ရဲမင်း Boston U.S.A
ချစ်တူမလေး - ကြည်ဖြူမင်းသွင် Boston U.S.A

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဝါယာလက် (၃)လမ်း၊ အမှတ် ၇၄ နေ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်သွယ်(အထပြ၊ ငြိမ်း)တို့၏သား

မောင်သန့်ဇင်ဦး
1st year (Maths), AFC Corp, USA

နှင့်

လားရှိုးမြို့နေ ဦးစိုင်းသန်းညီ (Hi-Fi Video) နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်မျိုးမြတ်(ခ) ဒေါ်နန်းအိအိဇာတို့၏သမီး

နန်းဥမ္မာလွင်(ခ)နန်းအိမ့်ခမ်း B.A (Myanmar)
အမှုဆောင်အယ်ဒီတာ (သရဖူနှင့် Wellness မဂ္ဂဇင်း)

တို့သည် ၁၀-၆-၂၀၁၁ရက် USA Kentucky ပြည်နယ်၊ Newport မြို့ရှိ တရားရုံး၌ လက်မှတ်ရေးထိုး၍ ၁၈-၆-၂၀၁၁ရက်တွင် USA Indiana ပြည်နယ်ရှိ ဓမ္မရက္ခိတမြန်မာဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလာဦးဆွမ်းဆက်ကပ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်ဦး-မနန်းဥမ္မာလွင်

အမည်ပြောင်း

ဦးရင်ရီဆက်၏သမီး မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A_7)မှ မအိအိခိုင်အား မဖြူဖြူသင်းခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဖြူဖြူသင်းခိုင်

ဖခင်အမည်မှန်

ဟိုပင်မြို့၊ အထက၊ နဝမတန်း(H)မှ မနန်းယုစန္ဒာတင်၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုးဝင်း ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဘိုဘိုအေး၏သမီး ဟိုပင်မြို့၊ အထက၊ ဆဋ္ဌမတန်း(B)မှ မယမင်းသဇ္ဈာကိုအား မယမင်းသဇ္ဈာဘိုဟု ပြောင်းလဲခေါ်ပါရန်။

မယမင်းသဇ္ဈာဘို

လက်ထပ်ပြီးစီးခြင်း

မောင်ကျော်မင်း ၁၂/လသန(နိုင်)၀၀၀၂၅၈ နှင့် မစိုးစိုးမိုး ၁၂/သဃက(နိုင်)၁၄၅၈၇၀တို့သည် ၁၇-၆-၂၀၁၁ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၏ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်မင်း-မစိုးစိုးမိုး

ရောင်းရန်

လက်ရှိအသုံးပြုနေသော Transformer လေးလုံး

(၁) Make in Germany		2500 KVA
(၂) Make in Japan	(1)	1500 KVA
	(2)	500 KVA
	(3)	1000 KVA

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၆၈၄၃၅၀၊ ၂၂၆၇၀၁၊ ၀၉-၅၁၃၂၂၅၉

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ဝဏ္ဏထွန်း မှတ်ပုံတင်အမှတ် ၇/သနပ(နိုင်)၀၈၇၈၈၅ နှင့် ကျွန်မ မထွေးတြာနန္ဒီ၁၂/ဒဂန(နိုင်)၀၃၁၃၇၂တို့သည် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝဏ္ဏထွန်း ၈/သနပ(နိုင်)၀၈၇၈၈၅
မထွေးတြာနန္ဒီ ၁၂/ဒဂန(နိုင်)၀၃၁၃၇၂

ပျောက်ဆုံးကြောင်း

မော်တော်ယာဉ်အမှတ် ၈စ/၄၇၆၃ ၏ အခွန်ကျေစာရွက်စိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၂၃၇၂၅

ကန့်ကွက်ရန်ကြော်ငြာ

အင်းစိန်မြို့နယ်၊ကြို့ကုန်းအိမ်ရာ တိုက်(၁) အခန်း ၃၀၄၏ မူလအမည်ပေါက် ဦးမြတ်ကျော်ထံမှ ဦးစိုးသိန်းက အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်း အမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်အေးအေးသိန်း၏သမီး မနီဇင်အေးနိုင် ၁၂/ဥကတ(နိုင်) ၁၇၁၂၀၃ သည် ၁၂-၆-၂၀၁၁ရက်တွင် မိဘ၏ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းမနီဇင်အေးနိုင်နှင့်ပတ်သက်သမျှ ကိစ္စရပ်များအားလုံးကို လုံး၀ တာဝန်မယူပါ။ မသက်ဆိုင်တော့ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်အေးအေးသိန်း
၁၂/ဥကတ(နိုင်)၀၆၆၇၆၂

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရေတာရှည်မြို့၊ အမှတ်(၁)ရပ်ကွက်တွင်နေထိုင်သော ဦးကုလား-ဒေါ်ကြွက်တို့၏သမီး မမာမိုး ၇/ရတရ(နိုင်)၀၈၄၀၆၁ သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သည်ဖြစ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကုလား-ဒေါ်ကြွက်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ အလယ်ရပ်၊ ကျောက္ကာလမ်းနေ ကျွန်မ ဒေါ်တင်စန်း(ခ) ဒေါ်စန်း ၅/မရန(နိုင်)၀၃၁၈၉၁၏သား မောင်မြင့်သိန်း ၅/မရန(နိုင်) ၁၄၈၆၀၃သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံး၀တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်တင်စန်း
၅/မရန(နိုင်)၀၃၁၈၉၁

မြန်မာ့အလင်း ရုပ်ရှင်အမြည်း | **ကိုလင်း(သတင်းထောက်)**

[illegible]

ရန်ကုန် ဇွန် ၃၀

ယခုတစ်ပတ် သောကြာ**(ယနေ့)**တွင် ရန်ကုန်မြို့လယ်ရှိ သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများ၌ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်စသည့် သရုပ်ဆောင်များပါဝင်သော **အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်** ဇာတ်ကားသစ် ရုံဝင်လာသည်။ **(အောက်ပုံ)** ချစ်ခြင်းမေတ္တာ၏ အားသာပုံ၊ အမုန်းတရား၏ ပူလောင်ပုံတို့ကို ဖော်ညွှန်းသရုပ်ဖော်ထားသည်။

အပြိုင်ဝင်

ထို့ပြင် မြန်မာဇာတ်ကားသစ်နှင့်အတူ ဒါရိုက်တာ Martin Campell ရိုက်ကူးသည့် အာကာသသိပ္ပံဇာတ်ကား Green Lantern ဇာတ်ကားသည်လည်း ရန်ကုန်မြို့လယ် ရှေ့ဆောင်ရုံသို့ အပြိုင်ဝင်ခဲ့ပါကြောင်း သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ဇော်ဦးခိုင် ➤ စုစည်းသည်

ကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကူးတံတား တရုတ်နိုင်ငံအရှေ့ပိုင်း၌ ဖွင့်လှစ်

ကျင်းတောင် ဇွန် ၃၀

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ကျောက်ကျို့ပင်လယ်အော်တွင် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကူးတံတားကြီးကို ဇွန် ၃၀ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါ တံတားကြီးသည် ၃၆ ဒသမ ၄၈ ကီလိုမီတာရှည်ပြီး ကျင်းတောင်မြို့နှင့် ဟွမ်တောင်ခရိုင်တို့အကြား ဆက်သွယ်ထားခြင်း ဖြစ်သည်။ ၎င်းတံတားကြီးကို ယွမ် ၁၄ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ) အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

ယခင်က ကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကူးတံတားကြီးမှာ တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲကျန်းပြည်နယ် ကျန်ကျင်းနှင့် နန်ဘိုမြို့တို့အကြား ဆက်သွယ်ထားသည့် ၃၆ ကီလိုမီတာရှည်သော ဟန်ကျို့ပင်လယ်အော်ဖြတ်ကူးတံတား ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်၌ ငလျင်များ ဆက်တိုက်လှုပ် ခုနစ်ဦးဒဏ်ရာရရှိပြီး အိမ်များပျက်စီး

တိုကျို ဇွန် ၃၀

ဂျပန်နိုင်ငံအလယ်ပိုင်းနှင့် နာဂါနိုစီရင်စုတွင် ဇွန် ၃၀ ရက် နံနက်က ရစ်ချ်တာစကေး ၅ ဒသမ ၄ရှိ ငလျင်လှုပ်ခဲ့ရာ ခုနစ်ဦးဒဏ်ရာရရှိပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့ရကြောင်း ဂျပန်မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်များမှာ ယင်းနေ့ နံနက် ၈ နာရီ ၁၆ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း သိရသည်။

၎င်းငလျင်များ လှုပ်ချိန်မှာ စက္ကန့် ၄၀မှ စက္ကန့် ၇၀ ခန့်အထိ ကြာမြင့်ခဲ့ပြီး ယင်းငလျင်များလှုပ်ပြီးနောက် မိနစ်ပိုင်းအကြာ ၈ နာရီ ၂၁ မိနစ်၌ ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိငလျင်နှင့် ရစ်ချ်တာစကေး ၄ ရှိသော ငလျင်များ ၎င်းနေရာများတွင်ပင် ဆက်တိုက်လှုပ်ခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လပွတ္တာမြို့သစ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

လပွတ္တာ ဇွန် ၃၀

လပွတ္တာခရိုင် လပွတ္တာမြို့သစ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မြသန်းတန်စေတီအရှေ့ကုန်းမြင့်၌ ဇွန် ၂၅ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားတွင် လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့က သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးတို့အား စိုက်ပျိုးရန် ပျိုးပင်များပေးအပ်ခဲ့ပြီးနောက် တက်ရောက်လာကြသူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၂၅ ၉။ **ကင်ဆာရောဂါဆိုင်ရာလေ့လာတွေ့ရှိချက်များ**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (အင်္ဂလိပ်စာမှလွဲ၍အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၃၀ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၆)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **လျှပ်တစ်ပြက်ဟာသများ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၀)
၁၉။ **သီချင်းချစ်သူ** (အထူးအစီအစဉ်) (အပိုင်း-၅)

KEYSTONE
TEA . COFFEE . NOODLES.
နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး (ဘဏ်ရုံ) ၌ ဖွင့်လှစ်လိုက်ပါပြီ!
“ပေါက်စီ ကောင်းကောင်း သုံးဆောင်လိုသူများအတွက်... KEYSTONE”

ရွှေပုလွေ (ဟံသာဝတီ)
ရွှေပုလွေ (ရွှေမြိုင်)
ရွှေပုလွေ (NORTH POINT)
ရွှေပုလွေ
Tea House
“ရွှေတောင်ခေါက်ဆွဲ” အရမ်းကောင်းဆိုပဲ!
OPEN - 7 AM

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅၊ မြေကွက်အမှတ် ၄၉၆၊ ဧရိယာ ၂ ဒသမ ၁၂၁ ဧကရှိမြေကွက်အား အမည်ပေါက်ဒေါ်ခိုင်သင်းကြည် ၉/ရမသ(နိုင်)၀၄၂၄၁၅ ထံမှ ဦးဇော်လင်း ၁၄/ရကန(နိုင်)၀၈၁၈၂၇က စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဦးဇော်လင်းထံမှ စာချုပ်စာတမ်းများဖြင့် တစ်ဆင့်ဝယ်ယူထားသူ (၁) ဦးလီထိုင်ဆိုင်း ၁၃/လရန(နိုင်)၀၈၄၆၉၇၊ (၂) ဦးမောင်ဝင်း(ခ)ဦးကျော်ဝင်းအောင် ၉/ခအဇ(နိုင်)၀၀၁၆၇၄၊(၃) ဒေါ်အဲအင်(ခ) ဒေါ်တင်တင်မော် ၁၃/ကမန(နိုင်)၀၅၄၀၃၈၊(၄) ဒေါ်ကျောက်မီး ၁၃/လရန(နိုင်)၀၅၃၁၇၈တို့က အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သစ်ပင်စိုက်ပျိုးပွဲ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ကျင်းပ

ရန်ကုန် ဇွန် ၃၀

ဒဂုံမြို့သစ် (အရှေ့ပိုင်း)၌ မြို့နယ်စက်မှုဇုန်တွင် ဇွန် ၂၄ ရက်က ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာ/အခွန်၊ သစ်တောဝန်ကြီး ဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှု၊ ဆောက်လုပ်ရေးဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်တို့က တက်ရောက်လာကြသူများအား ပျိုးပင်များကို ဖြန့်ဝေပေးအပ်ကာ (အပေါ်ပုံ) မန်ကျည်းရှား၊ အော်ရီးရှား၊ စွယ်တော်နှင့် စိန်ပန်လေး စသည်ဖြင့် စိုက်ပျိုးခဲ့ပြီး ၂၀၁၁ ခုနှစ် မိုးရာသီတွင် ပျိုးပင်မျိုးစုံအပင် ၈၂၀၀၀ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၃၀

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ်၌ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းပွဲသို့ အသင်းဝင်၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အုံ့ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ ၅၄၉၃၀၁၊ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၀၉-၅၁၃၇၁၉၂၊ ၃၉၃၁၀၅၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်များ ကျန်းမာရေးစောင့်ရှောက်မှု ကျုံပျော်မြို့နယ်၌ ဆောင်ရွက်

ကျုံပျော် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းဦးဆောင်၍ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာတင်ဝင်းနှင့် အဖွဲ့သည် နယ်မြေခံ တပ်ရင်းရှိ မိသားစုများ မွေးမြူထားသော တိရစ္ဆာန်များအား ဇွန် ၂၃ ရက်က ကျန်းမာရေးစစ်ဆေး၍ ကျွဲနွား ၂၈ ကောင်၊ ဝက် ၅၄ ကောင်၊ ဆိတ် ၁၄ ကောင်တို့ကို ဆေးကုသပေးခဲ့သည်။

ဟောပြော

ထို့နောက် ဒေါက်တာစိုးသိမ်းသည် ညနေ ၃ နာရီ၌ နယ်မြေခံ တပ်ရင်းဘုရင့်နောင်ခန်းမ၌ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကု)**

ပုလောမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၃၀

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အသင်းတိုက်၌ ဇူလိုင် ၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးမောင်လှ ဖုန်း- ၅၅၂၉၆၁၊ ဒုတိယဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း- ၆၉၉၄၄၇၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးညွန့် ဖုန်း-၂၀၅၉၈၆၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းလွင် ဖုန်း-၇၀၅၈၇၂နှင့် အုပ်ချုပ်ရေးမှူး ဦးကိုလေး ဖုန်း-၂၂၀၃၂၄၊၂၂၉၇၇၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က ရမည်းသင်းမြို့ အမှတ်(၁) အထက အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းလွင်က ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (၀၁၁)

ကတ္တရာထပ်ပိုးလွှာခင်း

ငါးသိုင်းချောင်း ဇွန် ၂၉

ငါးသိုင်းချောင်းမြို့ အထက ကျောင်းလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်က မြို့နယ်တာဝန်ခံ ဦးရဲထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်မြင့်နိုင်တို့ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်လမ်း ကွင်းဆင်းစစ်ဆေး

ကျိုက်မရော ဇွန် ၂၉

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် ဇွန် ၁၈ရက်က ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသည့် ပိန်းနဲကုန်း-ခနောင် ကျေးလက်ကျောက်ရောမြေလမ်းခင်းထားမှုနှင့် တံတားများကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီးအမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၁၂ ရက်က ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသက်နောင်က ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားရခြင်းအကြောင်း ပညာပေးဟောပြောစဉ်။ (၀၅၅)

(၄၇)ကြိမ်မြောက်သွေးလှူ

မန္တလေး ဇွန် ၂၉

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်နေ ရတနာပုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ကထိက ဒေါ်ရီရီခင် (ဝဲပုံ)သည် မေ ၃၀ ရက် က မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအမျိုးသားသွေးလှူဘဏ်တွင် အရေးပေါ်လူနာများအတွက် (၄၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၀၄၀)

မြို့နယ်သတင်းထွေတလာ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြို့အဝင် မြေခင်းပန်းအလှခုံပြုလုပ်ခြင်းကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးနှင့် ဝန်ထမ်းများ ဇွန် ၁၇ ရက်က နမ့်လန်မြို့ ပြည်သူ့ဈေးကြီး အတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုနှင့် စနစ်တကျ ရောင်းချမှုရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် ဝန်ထမ်းများ ဇွန် ၂၂ရက်က မင်းဘာကြီးလမ်းတွင် ရေမြောင်းများ တူးဖော်ရှင်းလင်းစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် အမှတ်(၁)ရပ်ကွက် ချယ်ရီလမ်း ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းကို ဇွန် ၁၉ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး
၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဖွင့်ပွဲတက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇွန် ၃၀

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ *စာမျက်နှာ ၄ ကော်လံ ၁* ■

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)